**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**၂၆ ရက်မြောက်နေ့အစီအစဉ်**

**၂၇ – ၉ – ၂၀၁၁ (အင်္ဂါနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **"သဘာဝဓာတ်ငွေ့အသုံးပြုပြီး လျှပ်စစ်ဓာတ်အားပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးတင်ဝင်း၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **"ဒေးဒရဲ–ကျိုက်လတ် မြစ်ကူး တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမြသိန်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **"ဘိုကလေး–ဖျာပုံ ကားလမ်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစောကျိမ်း၊ အိမ်မဲ မဲဆန္ဒနယ်၏ **"အိမ်မဲမြို့ဝင်တံတား"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

( င ) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **"ငပုတော–မြောင်းမြကားလမ်း/တံတား "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးကိုကိုလွင်၊ မော်လမြိုင်ကျွန်း မဲဆန္ဒနယ်၏ **"မအူပင်–ရေလဲကလေး–ရွှေတောင်မော် –ကျိုက်ပိ–မော်လမြိုင်ကျွန်းလမ်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဆ) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **" နောင်ချို–ပြင်ဦးလွင်လမ်း မိုင် ၃၀ အတွင်း ဂိတ်နှစ်ခုရှိနေခြင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးတင်ထွတ်၊ ဇလွန် မဲဆန္ဒနယ်၏ **" သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားများအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်း အာမခံမှု (Minimum Purchase Guarantee Price )ကို ဈေးကွက်စီးပွားရေး မူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေး"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်။

( ခ ) ဦးခင်မောင်ဦး၊ မုံရွာ မဲဆန္ဒနယ်။

( ဂ ) ဦးငွေးဝင်း၊ လယ်ဝေး မဲဆန္ဒနယ်။

(ဃ) ဦးစိုင်းစောတင်၊ မိုင်းယောင်း မဲဆန္ဒနယ်။

( င ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်။

( စ ) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ် မဲဆန္ဒနယ်။

(ဆ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်။

( ဇ ) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၈။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဗိုလ်မှူးကြီးဌေးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **“ မြန်မာဆိုသည့် စကားရပ်ကို တစ်မျိုးသားလုံး၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သောမြင့်မြတ်သည့်နေရာ၊ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ၊ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး”** အဆို တင်သွင်းခြင်း။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၁။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **“အခြေခံဥပဒေသစ်နှင့်အညီ ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်တို့နှင့် လိုက်လျောညီထွေဖြစ်ပြီး အမျိုးသားစီးပွားရေး အထောက်အကူပြု အုပ်ချုပ်ရေးယန္တရားသစ် ဖော်ဆောင်နိုင်ရန် ကျွမ်းကျင်သည့် ပညာရှင်များဖြင့် ကော်မရှင်တစ်ရပ်ကို ဤပြည်သူ့လွှတ်တော်က ဖွဲ့စည်းဆောင်ရွက်စေသင့်ကြောင်း”** အဆို တင်သွင်းခြင်း။

၁၂။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **“ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** ကို ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၄။ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက **“ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** ကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **“ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။